# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ၁၂ ရက်မြောက်နေ့ အစီအစဉ်

## [ ၇-၂-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **အသုတ်မြို့ရှိ ၁၃၂ ကေဗွီခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းဆွဲပြီး ဂွမြို့သို့ ဓာတ်အားပေးရန် မည်သည့် နှစ်တွင် ဤစီမံကိန်းအား အကောင်အထည်ဖော်နိုင်မည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်၏ **မော်လိုက်မြို့ရှိ ချင်းတွင်းမြစ် ကမ်းနားလိုင်းနှင့် မြို့တွင်းလိုင်းအတွက် မီးအားမြှင့်စက် တစ်လုံးစီ နှင့် မီးကြိုးလိုင်းများ အသစ်အစားထိုးလဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **ဂျပန်နိုင်ငံမှ ရောက်ရှိလာမည့် လေအားလျှပ်စစ် တပ်ဆင်ရေးအဖွဲ့ အမှန်တကယ် လာရောက်ရန် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ် အတွက် (33 KVA) ဓာတ်အားခွဲရုံ ဆောင်ရွက်ပေးမည့် အစီအစဉ် နှင့် လျှပ်စစ်ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ကွန်ကရစ် မီးတိုင်များ လဲလှယ်ပေးမည့် အစီအစဉ်များကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါက်တာနေလင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၏ **ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင် အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်အရ ဆောင်ရွက် ပြီးစီးမှုများ သုံးသပ်တင်ပြပေးရေး** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ် ပြည်သူ့ ဆေးရုံအား လက်ရှိအဆင့်မှ ခုတင်(၅၀) အထူးကု ဆေးရုံ အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ မူစေးကျွန်းပေါ်တွင် အကြီးဆုံးနှင့် အချက်အချာအကျဆုံး ကျေးရွာ ဖြစ်သော (ကူတောင်)ရွာ၌ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးငွေးလွင်၊ နမ့်စန် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်အတွင်းရှိ အုံလွိုင်ယဲကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် ခိုလန်ကျေးလက်ကျန်းမာရေး ဌာနအတွက် ဆေးခန်းနှင့် ဝန်ထမ်းများနေထိုင်ရန် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **" အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"လျှပ်စစ် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။